RCSS လက်နက်ကိုင်အဖွဲ့နှင့် CRPH အလွတ်သဘောတွေ့ဆုံဆွေးနွေး

ရန်ကုန်၊ မတ်၉

ရှမ်းပြည်ပြည်လည်ထူထောင်ရေး ကောင်စီ(RCSS) ကိုယ်စားလှယ် အဖွဲ့နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီ (Committee Representing Pyidaungsu Hluttaw – CRPH) ကိုယ်စားလှယ်အဖွဲ့တို့ အလွတ်သဘော တွေ့ဆုံဆွေးနွေးမှုအား Online Video Conferencing ဖြင့် တွေ့ဆုံခဲ့ကြောင်း CRPH က သတင်းထုတ်ပြန်ခဲ့သည်။

CRPH ကော်မတီသည် အပစ်ရပ်လက်မှတ်ရေးထိုးထားသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံမှုများပြုလုပ်ခဲ့ပြီး ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS) လက်နက်ကိုင်အဖွဲ့အပြင် ကရင်အမျိုးသားအစည်းအရုံး (KNU) အဖွဲ့နှင့်လည်း တွေ့ဆုံဆွေးနွေးခဲ့သည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲအား ၂၀၂၁ခုနှစ်၊ မတ်လ (၉)ရက်နေ့၊ မွန်းလွဲပိုင်းတွင် ပြုလုပ်ကျင်းပခဲ့ပြီး RCSSမှ အတွင်းရေးမှူး (၂) ဗိုလ်မှူးကြီး စိုင်းငင်း၊ ဗဟိုကော်မတီဝင် ဒုတိယ ဗိုလ်မှူးကြီး စိုင်းဟန်၊ ဗဟိုကော်မတီဝင် စိုင်းလျဲန်းတို့ တက်ရောက်ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD CEC အဖွဲ့ဝင်များဖြစ်သော ဦးအောင်ကြည်ညွန့်၊ ဦးတင်ထွဋ်ဦးတို့နှင့်အတူ CRPH မှ ဦးလွင်ကိုလတ်၊ ဦးရည်မွန်၊ ဒေါ်ဇင်မာအောင်၊ စောယှားဖောင်ယွာတို့ တက်ရောက်ခဲ့ကြကြောင်း CRPH ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ယင်းအစည်းအဝေးတွင် လက်ရှိဖြစ်ပွားနေသည့် နိုင်ငံရေး အကျပ်အတည်းအခြေအနေများအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြပြီး ဖြေရှင်းနိုင်မည့် နည်းလမ်းအမြင်များကို ဆွေးနွေးခြင်းနှင့် CRPHမှ လက်ရှိ ဆောင်ရွက်နေသည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခြင်း စသည့်အကြောင်းအရင်းများဖြင့် ဆွေးနွေးခဲ့ကြောင်း သိရသည်။

RCSSမှလည်း စစ်အာဏာသိမ်းပြီးသည့်နောက် ၄င်းဆောင်ရွက်ခဲ့သည့် လုပ်ငန်းများကို ပြန်လည်ဆွေးနွေးခဲ့ကြကြောင်း သတင်းထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

